K.N.D.F

# အကြမ်းဖက်စစ်ကောင်စီများနှင့် ပူးပေါင်းဆောင်ရွက်နေသူများနှင့်ပတ်သက်၍ ထုတ်ပြန်ကြေညာခြင်း

၂၀၂၁ ခုနှစ်၊ ဩဂုတ်လ (၁၂) ရက်နေ့။

ကရင်နီပြည်နယ်အတွင်း၊ အကြမ်းဖက်စစ်ကောင်စီနှင့် ၎င်းတို့၏ လက်ပါးစေများသည် CDM လုပ်ဆောင်နေသော ဝန်းထမ်းများကို ဖိအားပေးခြင်း၊ ဝန်းထမ်းအဖြစ်မှ ထုတ်ပယ်ခြင်း ဝန်ထမ်းအိမ်ယာများမှ နှင်ချခြင်းများ ပြုလုပ်လျက်ရှိသည်။ အကြမ်းဖက်စစ်ကောင်စီသည် စစ်အာဏာရှင်စနစ် တည်မြဲရေးနှင့် စစ်ဗျူရိုကရက်ယန္တရားများ ဆက်လက်လည်ပတ်နိုင်ရေးအတွက် မူလအစိုးရဌာနများကို အသုံးပြုကာ ပြည်သူလူထုများကို ဖိနှိပ်လျက်ရှိပါသည်။ အကြမ်းဖက်စစ်ကောင်စီ၏ ထောက်တိုင်များဖြစ်သော ဌာနများလည်ပတ်နေသေးသ၍ စစ်အာဏာရှင်စနစ် တည်မြဲနေမည်ဖြစ်သည်။ ထို့ကြောင့်ကရင်နီအမျိုးသားများကာကွယ်ရေးတပ် (KNDF) အနေဖြင့်

၁။ အကြမ်းဖက်စစ်ကောင်စီယန္တရားများ လည်ပတ်နိုင်ရေးအတွက် ထောက်တိုင်သဖွယ် ဆောင်ရွက်လျက်ရှိသော ဌာနများကို ဆက်လက်တိုက်ခိုက်သွားမည်။

၂။ အကြမ်းဖက်စစ်ကောင်စီယန္တရားများ လည်ပတ်နိုင်စေသောဌာနများတွင် ပါဝင်ပတ်သက်နေသော ဝန်ထမ်းများ၊ လူပုဂ္ဂိုလ်များကို CDM ဝင်ကြပါရန် အထူးသတိပေးသည်။

၃။ အကြမ်းဖက်စစ်ကောင်စီတပ်များနှင့်၎င်းတို့၏လက်ပါးစေများ၊ စစ်ကောင်စီနှင့် ပူးပါင်းဆောင်ရွက်နေသော လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများကိုလည်း ရန်သူအဖြစ်သတ်မှတ်ပြီး အကြမ်းဖက်စစ်ကောင်စီတပ်များနှင့်အတူ အမြစ်ပြတ်ချေမှုန်းသွားမည် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

ကရင်နီအမျိုးသားများ ကာကွယ်ရေးတပ် (KNDF)